# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ နှုတ်ခွန်းဆက်လွှာ | ၁ |
| ၂။ သမ္မာကျမ်းစာအမှုတော်လုပ်ငန်းသိမှတ်ဖွယ်ရာများ | ၄ |
| ၃။ သမ္မာကျမ်းစာလေ့လာခြင်း | ၁၀ |
| ၄။ သမ္မာကျမ်းစာနေ့ဓမ္မဒေသနာ | ၂၂ |
| ၅။ ဆုတောင်းရန်အချက်များ | ၂၆ |
| ၆။ မြန်မာနိုင်ငံကျမ်းစာအသင်းအမှုတော်လုပ်ငန်းများ | ၂၇ |

# နှုတ်ခွန်းဆက်လွှာ

ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏။ လိမ္မာစေတတ်၏။ ရွှင်လန်းစေတတ်၏။ ပွင့်လင်းစေတတ်၏။ သစ္စာနှင့်ပြည့်စုံ၍ အမြဲတည်စေတတ်၏။ (ဆာလံ ၁၉း၇-၉)

၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်၊ တနင်္ဂနွေနေ့တွင် ကျရောက်သောသမ္မာကျမ်းစာနေ့တွင် ယခုနှစ်၏အဓိကအချက်မှာ "ဘဝသက်တာ ပြောင်းလဲစေရာနှုတ်ကပတ်တော်" ဟူ၍သတ်မှတ်ထားပါသည်။ ကျွန်ုပ်တို့၏ဘဝအသက်တာတွင် တစ်နေ့တစ်ခြားဘုရားသခင်၏သားသမီးအဖြစ် တူညီပီပြင်လာရန် ပြုပြင်ပြောင်းလဲစေနိုင်သောအရာမှာ ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်ဖြစ်သည့်အတွက် အဖဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းလျက် မြန်မာနိုင်ငံကျမ်းစာအသင်း၏အမှုတော်လုပ်ငန်းကို ဝိုင်းဝန်းပံ့ပိုးလျက်ရှိကြကုန်သော မြန်မာနိုင်ငံတွင်းနှင့် တိုင်းတစ်ပါးရှိဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော်များနှင့် ခရစ်ယာန်ညီအစ်ကိုမောင်နှမများ အားလုံးကို ငြိမ်သက်ခြင်း၊ ရွှင်လန်းခြင်း၊ ညီညွတ်ခြင်းပါရမီများနှင့် ပြည့်ဝပါစေကြောင်းဆုမွန်ကောင်းတောင်းလျှက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံကျမ်းစာအသင်း၏ ရည်ရွယ်ချက်သည် သမ္မာကျမ်းစာတော်မြတ်ကို သွေးချင်းသားချင်းတိုင်းရင်းသား လူမျိုးများအားလုံးထံသို့ ကျယ်ပြန့်ထိရောက်စွာဖြင့် ဖြန့်ချိနိုင်ရေးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သမ္မာကျမ်းစာနေ့တွင် နှုတ်ကပတ်တော်မြတ်အတွက် ကျေးဇူးတော်ချီးမွမ်းခြင်း နှုတ်ကပတ်တော်အမှုတော် လုပ်ငန်းအတွက် အထူးသတိရဆုတောင်းခြင်းနှင့် စိတ်အားထက်သန်စွာ ပေးလှူခဲ့ကြသောအသင်း



တော်များ၊ သာသနာအဖွဲ့အစည်းများနှင့် အသင်းတော်သူ၊အသင်းတော်သားတစ်ဦးစီတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြမှတ်တမ်းတင်အပ်ပါသည်။

သမ္မာကျမ်းစာအမှုတော်လုပ်ငန်းကို ပိုမိုကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်ရေးအတွက် ၂၀၀၇-ခုနှစ်၊ သမ္မာကျမ်းစာနေ့အစီအစဉ်တွင် မြန်မာနိုင်ငံကျမ်းစာအသင်းအတွက် အထူးသတိရဆုတောင်းပေးခြင်းနှင့် ရက်ရောစွာပေးလှူခြင်းတို့ကို ယခင်နှစ်ကထက်သာ၍အနှစ်သာရရှိစွာပြုလုပ်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ၂၀၀၇-ခုနှစ် သမ္မာကျမ်းစာနေ့ အထူးအစီအစဉ်များတွင် ဆီလျော်သလိုအသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံကျမ်းစာအသင်း၏ လုပ်ငန်းများတင်ပြချက်သမ္မာကျမ်းစာလေ့လာခြင်းနှင့် ဓမ္မဒေသနာပါဝင်သောစာအုပ်ငယ်ပြုစုပြီးပေးပို့အပ်ပါသည်။ ဤစာအုပ်ငယ်သည် သမ္မာကျမ်းစာနေ့ကိုအနှစ်သာရရှိစွာ ပြုလုပ်နိုင်ရေးအတွက်များစွာအထောက်အကူပြုမည်ဟု မျှော်လင့်ယုံကြည်ပါသည်။

ဘဝအသက်တာပြောင်းလဲစေရာနှုတ်ကပတ်တော်ကို လူတိုင်းလက်ဝယ်ရရှိပြီးနှုတ်ကပတ်တော်ကို ဖတ်ရှုဆင်ခြင်ခြင်းအားဖြင့် ဘဝအသက်တာပြောင်းလဲခြင်း၊ ဘဝအသက်တာတွင် အောင်မြင်ခြင်းရရှိစေရန် သမ္မာကျမ်းစာအမှုတော်လုပ်ငန်းသည် အလွန်အရေးကြီးလှပါသည်။မိမိဘဝအသက်တာ၏ပြောင်းလဲမှုကို တွန်းအားပေးသောနှုတ်ကပတ်တော်မြတ်ကို ခံယူရရှိထားကြသကဲ့သို့ လူတိုင်းဤသို့ခံယူရရှိနိုင်ရန်မျှဝေဖို့ယုံကြည်သူတိုင်း၏ ထူးမြတ်သောတာဝန်နှင့်အခွင့်အရေးဖြစ်ပါသည်။

သို့ဖြစ်ပါ၍အသင်းတော်များ၊ ခရစ်ယာန်အဖွဲ့အစည်းများနှင့် ခရစ်ယာန်တိုင်းတို့သည် ဘုရားသခင်၏သားသမီးများ ပီပြင်လာရေး

အတွက် နှုတ်ကပတ်တော်မြတ်၏ လမ်းညွှန်မှုကိုခံယူရရှိပြီး နှုတ်ကပတ်တော်မြတ်က လူတိုင်းတို့၏နှလုံးသား၌ ကိန်းဝပ်နိုင်စေရန်သမ္မာကျမ်းစာအမှုတော်လုပ်ငန်း၌ အတူတကွဆက်ကပ်ပါဝင်ကြဖို့ရန် တိုက်တွန်းလိုက်ပါသည်။

**သာသနာပိုင်ချုပ်မန်းစံစီငွေး**
**သိက္ခာတော်ရဆရာစောမာဂေကြီး**
**ဥက္ကဌ အထွေထွေအတွင်းရေးမှူး**



## သမ္မာကျမ်းစာအမှုတော်လုပ်ငန်း
## သိမှတ်ဖွယ်ရာများ

၁။ ၁၇၁၀ခုနှစ်တွင် ဂျာမဏီနိုင်ငံရှိအခြေခံလူတန်းစား ဆင်းရဲနွမ်းပါးသူများအား တန်ဖိုးစိုက်၍ဈေးနှုန်း သက်သာစွာဖြင့် သမ္မာကျမ်းစာများပေးဝေနိုင်ရန် ကျမ်းစာအသင်းဖွဲ့စည်းခြင်းကို အခြေခံ၍ကျမ်းစာအသင်းဖွဲ့စည်းရန်လိုအပ်ကြောင်း သဘောထားခံယူချက် အစတည်လာခဲ့သည်။

၁၈၀၄ခုနှစ်တွင်ဖွဲ့စည်းတည်ထောင်သော ဗြိတိသျှနှင့်နိုင်ငံရပ်ခြားကျမ်းစာအသင်း (British and Foreign Bible Society) သည်ပထမဦးဆုံးသောကျမ်းစာအသင်းဖြစ်သည်။ ကျမ်းစာအသင်းသည် သမ္မာကျမ်းစာလက်ဝယ်ပိုင်ဆိုင်လိုသောမေရီဂျုံး(စ်) (မြေပဲသည‌နျ) ၏အနစ်နာခံကြိုးစားမှုမှအစပြု မှတ်တမ်းတင်ထားပါသည်။

၂။ မကြာခင်နိုင်ငံအသီးသီးရှိ ယုံကြည်သူများက ကျမ်းစာအသင်းဖွဲ့စည်းကာ သမ္မာကျမ်းစာအမှုတော်လုပ်ငန်း တိုးချဲ့လုပ်ကိုင်လာကြသည်။ ၁၉၄၆ခုနှစ် တွင်နိုင်ငံပေါင်း(၁၃)နိုင်ငံမှ ကိုယ်စားလှယ်များသည် အင်္ဂလန်နိုင်ငံ ပေတမြို -မိ့၌တွေ့ဆုံပြီး၊ ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့ (United Bible Societies) ဖွဲ့စည်းခဲ့သည်။ ယခုအခါကမ္ဘာ့နိုင်ငံပေါင်း (၂၀၀)ကျော် အတွက်ကျမ်းစာအသင်းပေါင်း(၁၄၁)သင်းတို့သည် ကမ္ဘာ့ကျမ်းစာအသင်းများ အဖွဲ့တွင်ပါဝင်လက်တွဲလုပ်ဆောင် နေကြသည်။ ဒေသကြီး(၄)ပိုင်းခွဲရာ (အမေရိက၊ အာဖရိက၊ အာရှပစိဖိတ်နှင့် ဥရောပနှင့်အရှေ့အလယ်ပိုင်း) မြန်မာနိုင်ငံ ကျမ်းစာ အသင်းသည် အာရှပစိဖိတ်ဒေသတွင် တစ်ခုအပါအဝင် ဖြစ်သည်။

၃။ မြန်မာနိုင်ငံတွင် သမ္မာကျမ်းစာအမှုတော်လုပ်ငန်းကို British and Foreign Bible Society မှဦးဆောင်၍ ၁၈၈၉ခုနှစ်တွင်အစပြုခဲ့သည်။ နိုင်ငံခြားသားသာသနာပြုဆရာများ ဦးဆောင်ခဲ့ရာမှ၁၉၆၄ခုနှစ်မှစ၍ မြန်မာ နိုင်ငံကျမ်းစာအသင်းဟု ဖွဲ့စည်းခဲ့ပါသည်။ ၁၉၆၉ခုနှစ်မှစ၍ ကမ္ဘာ့ကျမ်းစာ အသင်းများအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာ ခဲ့ပါသည်။ ၁၈၈၉ခုနှစ်မှယနေ့ အထိအထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူများမှာ အောက်ပါ အတိုင်းဖြစ်သည်။

(1) Rev.William Sherrat (1889-1933)
(2) Rev.W.H Willans (1933-1957)
(3) Rev. S.V Vincent (1957-1964)
(4) Rev. U Aung Than (1964-1985)
(5) Rev. U Than Htun Myat (1985-2000)
(6) Rev. Saw Mar Gay Gyi (2000- )

၄။ ကမ္ဘာ့လူသားသန်းပေါင်း (၆၀၀၀)ကျော်တို့သည် ဘာသာစကား (၆၉၀၀) ကျော်ပြောဆိုကြရာ ၂၀၀၆ခုနှစ်ကုန်ထိရရှိသောစာရင်းအရ ဘာသာစကား ပေါင်း ၂၄၂၆ဖြင့်သမ္မာကျမ်းစာဘာသာပြန်ပြီးဖြစ်သည်။ ကမ္ဘာနှင့်အာရှရှိ ဘာသာပြန်ဆိုမှုဇယားကို အောက်ပါအတိုင်းတွေ့ရှိနိုင်ပါသည်။

| | **သမ္မာကျမ်းစာ** | **ဓမ္မသစ်** | **ကျမ်းပိုင်း** | **စုစုပေါင်း** |
|---|---|---|---|---|
| အာရှ | ၁၃၂ | ၂၄၈ | ၂၂၁ | ၅၉၉ |
| ကမ္ဘာ | ၄၂၉ | ၁၁၄၄ | ၈၅၃ | ၂၄၂၆ |

၅။ မြန်မာနိုင်ငံရှိလူဦးရေ ၅၅သန်းကျော်တို့သည် ဘာသာစကားပေါင်း



၂၀၀ကျော်ပြောဆို၍၄င်းတို့အနက် ၆၉ကျော်တို့ဖြင့် သမ္မာကျမ်းစာဘာသာ ပြန်ပြီးသည်ကို အောက်ပါစာရင်းအတိုင်း သိရှိနိုင်ပါသည်။ အချို့ဘာသာစကား များသည် အပြည်ပြည်ဆိုင်ရာနယ်နိမိတ် ဘာသာစကား (International Languages) များဖြစ်ပြီး၊ တချို့ဘာသာပြန်လုပ်ငန်းများသည် မြန်မာနိုင်ငံ ကျမ်းစာအသင်းနှင့် လက်တွဲလုပ်ဆောင်သော စီမံကိန်းမဟုတ်ပေ။

**ဘာသာပြန်ဆိုပြီးသောသမ္မာကျမ်းစာနှင့်ဘာသာစကားများ**

| *ဘာသာစကား* | *ကျမ်းပိုင်း* | *ဓမ္မသစ်* | *ကျမ်းစာ* |
|---|---|---|---|
| **1. Myanmar** | **1815** | **1832** | **1835** |
| **Myanmar Common Language** | **-** | **1984** | **2005** |
| **2. Sgaw Kayin** | **1839** | **1843** | **1853** |
| **Sgaw Kayin Common Language** | **-** | **1995** | **2003** |
| **3. Pwo Kayin** | **1845** | **1860** | **1883** |
| **4. Shan** | **1871** | **1882** | **1892** |
| **5. Jinghpaw** | **1895** | **1912** | **1927** |
| **Jinghpaw Common Language** | **-** | **2006** | **-** |
| **6. Mon** | **1843** | **1847** | **1928** |
| **7. Mara / Lakher** | **1912** | **1928** | **1955** |
| **8. Mizo / Lushai** | **1898** | **1916** | **1959** |
| **9. Lisu: Hwa** | **1921** | **1938** | **1968** |
| **10. Hmar** | **1920** | **1959** | **1968** |
| **11. Kuki** | **1924** | **1942** | **1971** |
| **12. Paite** | **1940** | **1951** | **1971** |
| **13. Kom** | **1954** | **1976** | **-** |
| **14. Tedim Chin** | **1915** | **1932** | **1977** |
| **15. Haka Chin** | **1920** | **1940** | **1978** |
| **16. Biate** | **1949** | **-** | **1985** |

| | | | |
|---|---|---|---|
| 17. Rawang | 1954 | 1974 | 1986 |
| 18. Lahu | 1924 | 1952 | 1989 |
| 19. Bawm Chin | 1961 | 1977 | 1989 |
| 20. Falam Chin | 1933 | 1951 | 1991 |
| 21. Zou Chin | - | 1967 | 1992 |
| 22. Akha | 1939 | 1968 | 2002 |
| 23. Siyin Chin | - | 2002 | 2004 |
| 24. Pali | 1827 | 1835 | - |
| 25. Lu | 1921 | 1933 | - |
| 26. Wa | 1934 | 1938 | - |
| 27. Lisu: Hsiahsiah | 1912 | 1951 | - |
| 28. Asho Chin | 1921 | 1954 | - |
| 29. Vaiphei Chin | 1917 | 1957 | - |
| 30. Khumi Chin | 1935 | 1959 | - |
| 31. Gangte | 1952 | 1959 | - |
| 32. Pa O | 1912 | 1961 | - |
| 33. Khiangmungan | - | 1980 | - |
| 34. Konyak Naga | - | 1980 | - |
| 35. Anal Naga | 1949 | 1983 | - |
| 36. Tangkhul | - | 1990 | - |
| 37. Tangsa Naga | 1982 | 1992 | - |
| 38. Mro | 1934 | 1994 | - |
| 39. Daai Chin | - | 1996 | - |
| 40. Ngawn Chin | 1951 | 1996 | - |
| 41. Zanniat Chin | 1972 | 1997 | - |
| 42. Hrangkhol | - | 1997 | - |
| 43. Cho Chin | - | 1999 | - |
| 44. Matu | - | 1992 | - |
| 45. Hawa Naga | - | 2000 | - |
| 46. Salong | 1913 | 2000 | - |
| 47. Zotung | - | 2002 | - |



| | | | |
|---|---|---|---|
| 48. Lhaovo / Maru | 1940 | 2003 | - |
| 49. Ngochang | - | 2004 | - |
| 50. Ta aw | - | 2005 | - |
| 51. Lacid | - | 2006 | - |
| 52. Karen Bghai/Bwe | 1857 | - | - |
| 53. Simte | 1907 | - | - |
| 54. Singpho | 1907 | - | - |
| 55. Mawken | 1913 | - | - |
| 56. Maghi | 1914 | - | - |
| 57. Yunnan Shan | 1931 | - | - |
| 58. Khun | 1938 | - | - |
| 59. Awa Khumi Chin | 1939 | - | - |
| 60. Zaiwa | 1939 | - | - |
| 61. Kadu | 1939 | - | - |
| 62. Riang Lang | 1950 | - | - |
| 63. Hallam | 1960 | - | - |
| 64. Kayah | 1997 | - | - |

၆။ မြန်မာနိုင်ငံကျမ်းစာအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးကို နှစ်နှစ် တစ်ကြိမ်ကျင်းပပါသည်။ အသင်း၏စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အမှုဆောင်အဖွဲ့ များတို့ကိုဖွဲ့စည်းထားရာ စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်(၂၃)ဦးရှိပြီး၊ ပုံမှန်အားဖြင့်တစ်နှစ်(၂)ကြိမ် အစည်းအဝေး ပြုလုပ်ပါသည်။ အမှုဆောင် အဖွဲ့တွင်အဖွဲ့ဝင် (၁၅)ဦးရှိပြီး၊ တစ်နှစ်(၄)ကြိမ်အစည်းအဝေးပြုလုပ်ပါသည်။ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အမှုဆောင်အဖွဲ့တွင်ပါဝင်ကြသော ပုဂ္ဂိုလ်များသည် အဖွဲ့ဝင် ဂိုဏ်းဂဏအသင်းတော်များ၏ အဓိကတာဝန်ရှိသော ဂိုဏ်းဂဏအကြီး အကဲများနှင့်ခေါင်းဆောင်ကြီးများ ဖြစ်ကြပါသည်။ စီမံအုပ်ချုပ်ရေး အဖွဲ့တွင် ကက်သလစ်အသင်းတော်မှတစ်ဦး၊ ဥပဒေပညာရှင်တစ်ဦးနှင့် လုပ်ငန်းကျွမ်း ကျင်သူပုဂ္ဂိုလ်တစ်ဦးတို့ကို တိုးချဲ့အဖွဲ့ဝင်များအဖြစ်

ရွေးချယ်ခန့်ထားပါသည်။

မြန်မာနိုင်ငံကျမ်းစာအသင်းတွင် လက်ရှိအချိန်ပြည့်ဝန်ထမ်း (၁၅)ဦး နှင့်နေ့စားဝန်ထမ်းတစ်ဦး၊ စုစုပေါင်း(၁၆)ဦးရှိပြီး အသင်းမှလစာပံ့ပိုးလျက်ရှိ သောသမ္မာကျမ်းစာဘာသာပြန်ဆိုသူ (၁၆)ဦးနှင့်စာရိုက်သူ(၈)ဦး၊ စုစုပေါင်း (၂၄)ဦးရှိပါသည်။

၇။ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ပုံနှိပ်ပြီးဖြန့်ဝေလျက်ရှိသော သမ္မာကျမ်းစာများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) ခေတ်သုံးမြန်မာသမ္မာကျမ်းစာ | ၇၁၀၀ |
| (၂) ခေတ်သုံးဂျိန်းဖေါဓမ္မသစ် | ၅၀၀၀ |
| (၃) လာချိဒ်ဓမ္မသစ် | ၃၀၀၀ |
| (၄) ဟားခါးကျမ်းစာ | ၅၀၀၀ |
| (၅) ဖလမ်းကျမ်းစာ | ၁၀၀၀၀ |
| (၆) မီဇိုကျမ်းစာ | ၃၀၀၀ |
| (၇) ကူကီးကျမ်းစာ | ၃၀၀၀ |
| (၈) လီဆူကျမ်းစာ | ၃၁၀၀ |
| (၉) Myanmar Pulpit သမ္မာကျမ်းစာ | ၂၁၀၀ |
| (၁၀) ငွန်ချင်းဓမ္မသစ် | ၁၀၀၀ |
| စုစုပေါင်း | ၄၂၃၀၀ |

**နိဂုံး**

မြန်မာနိုင်ငံကျမ်းစာအသင်းသည် သမ္မာကျမ်းစာ အမှုတော်လုပ်ငန်းကို ဘုရားပေးသာသနာ့အမှုတော်အဖြစ် စွမ်းစွမ်းတမံဆက်လက်ကြိုးစား လုပ်ဆောင်လျက်ရှိပါသည်။



သမ္မာကျမ်းစာလေ့လာခြင်း

## ဘဝသက်တာပြောင်းလဲစေရာ နှုတ်ကပတ်တော်
## LIFE TRANSFORMING WORD OF GOD

ဓမ္မရာဇဝင်စတုတ္ထစောင် ၂၂ နှင့် ၂၃

ဘုရားသခင်သည်ပြောင်းလဲခြင်းမရှိသော နိစ္စထာဝရဘုရား (ဟေဗြဲ ၁၃း၈) ဖြစ်သောကြောင့် ထိုဘုရားရှင်၏နှုတ်ကပတ်တော်ဖြစ်သော သမ္မာကျမ်းစာ (The Written Word of God) သည်လည်း ကောင်းကင်နှင့်မြေကြီးပျက်စီးသည့်တိုင် အမြဲတည်မည့်သမ္မာ တရားဖြစ်သည် (မာကု ၁၃း၃၁)။ ထိုနှုတ်ကပတ်တော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသောကြောင့် (ဟေဗြဲ ၄း၁၂) လူသားတို့၏ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကို ထူးခြားစွာပြောင်းလဲစေနိုင်ပါသည်။ ယုံကြည်သူများသည် အသစ်ပြုပြင်ခြင်းခံရသောသတ္တဝါဖြစ်သည် (၂ကော ၅း၁၇)သာမက လောကကြီးကိုမှောက်လှန်စေသော အသုံးခံလူသားများဖြစ်ပါသည် (တမန် ၁၇း၆)။ နှုတ်ကပတ်တော်တန်ခိုးကြောင့် ပြောင်းလဲသောအသက်တာသည် ထိုလူ၏မိသားစု၊ အသင်းတော်၊ အသိုင်းအဝန်းနှင့် တိုင်းနိုင်ငံပင်လျှင်ထူးခြားစွာ ပြောင်းလဲစေနိုင်ပါသည်။

ဆရာကြီးယုဒသန်က ***-စိတ်နှလုံးအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ရောက်ကြလော့*** (ရောမ ၁၂း၂)ဟု ဘာသာပြန်သော မူရင်းဂရိစကားလုံး (Metamorphousthe-Being Transformed)သည် “Transformation” နှင့်အနီးကပ်ဆုံး ဝေါဟာရဖြစ်သည်။ “ပုံသဏ္ဍာန် ပြောင်းလဲခြင်း” “အခြေအနေ

ပြောင်းလဲခြင်း" မျိုးကိုဆိုလိုပါသည်။ ခရစ်ယာန်အသက်တာသည် အေးစက်အနည်ထိုင်သောဘဝ (Stagnant Life) မဟုတ်၊ ပြည့်စုံခြင်းသို့အမြဲပြောင်းလဲသောဘဝ (Transforming Life) ဖြစ်သောကြောင့်ရင့်ကျက်ခြင်း၊ ပြည့်စုံခြင်း၊ တန်ခိုးနှင့် ပြည့်စုံခြင်းသို့ အမြဲတိုးတက်ပြောင်းလဲနေရန် လိုအပ်ပါသည်။

ဓမ္မရာဇဝင်စတုတ္ထစောင် ၂၂နှင့်၂၃တွင်ပါရှိသော ယုဒရှင်ဘုရင် ယောရှိဦးဆောင်သည့် နှုတ်ကပတ်တော်တန်ခိုးအားကြောင့်ပြောင်းလဲခြင်းကိုအောက်ပါအတိုင်း အပိုင်း(၅)ပိုင်းခွဲ၍လေ့လာကြပါစို့။

(၁) ယောရှိမည်သူနည်း - ၄ ရာ ၂၂း၁-၂ နှင့် ၂၃း၂၅

(၂) ပျောက်သောပညတ္တိကျမ်းပြန်လည်တွေ့ရှိခြင်း-၄ရာ ၂၂း၃-၁၀

(၃) နောင်တရစေသော နှုတ်ကပတ်တော် - ၄ ရာ ၂၂း၁၁-၂၀

(၄) ဒုစရိုက်ကိုစွန့်ခွာစေသော နှုတ်ကပတ်တော် - ၄ ရာ ၂၃း၄-၂၀

(၅) ကတိသစ္စာပြန်လည်အသက်သွင်းစေသော နှုတ်ကပတ်တော် - ၄ ရာ ၂၃း၁-၃၊ ၂၁-၂၃

### (၁) ယောရှိမည်သူနည်း (၄ရာ ၂၂း၁–၂၊ ၂၃း၂၅)

ယောရှိ (Josiah) ဟူသောဟေဗြဲနာမည်သည် "ဘုရားသခင်သည်ကျန်းမာချမ်းသာစေ၏" (God healed) ဟူသောအဓိပ္ပါယ်ရှိသည်။ သူသည်၊

- အသက် (၈) နှစ်တွင်ယုဒရှင်ဘုရင်အဖြစ်နန်းတက်ပြီး ၃၁နှစ် (ဘီစီ ၆၄၀-၆၀၉) နန်းစံခဲ့သည်။
- ထာဝရဘုရားရှေ့တော်၌တရားသောအမှုကိုပြုသည်။



- အဘဒါဝိဒ်လိုက်သမျှသောလမ်းသို့ လက်ယာဘက်၊ လက်ဝဲဘက်သို့မလွှဲလိုက်သောသူဖြစ်သည်။
- မောရှေတရား၌ပါသမျှကိုကျင့်သဖြင့်၊
- စိတ်နှလုံးအကြွင်းမဲ့အစွမ်းသတ္တိရှိသမျှနှင့် ထာဝရဘုရားထံတော်သို့ ပြောင်းလဲ၍၊
- ယောရှိမင်းနှင့်တူသောရှင်ဘုရင်တစ်ယောက်မျှမပေါ်စဖူး၊
- နောင်ကာလ၌လည်းမပေါ်မရှိဟု မှတ်တမ်းတင်ခြင်းခံရသည်။

ဘုရားသခင်သည် ကြီးမားသောပြောင်းလဲမှုအတွက် စံနမူနာကောင်းဖြစ်သောအသက်တာမျိုးကိုထူးခြားစွာ အသုံးပြုသောဘုရားဖြစ်ပေသည် (၂တိ ၂း၂၀-၂၁)။

### (၂) ပျောက်သောပညတ္တိကျမ်း ပြန်လည်တွေ့ရှိခြင်း (၄ရာ၂၂း၃–၁၀)

ယောရှိမင်းနန်းစံသော (၁၈)နှစ်မြောက် (ဘီစီ ၆၂၂နှစ်)တွင် ဗိမာန်တော်ပြုပြင်မွမ်းမံရင်း ပညတ္တိကျမ်းစာအုပ်ပြန်လည်တွေ့ရှိခဲ့သည်။ ယဇ်ပုရောဟိတ်မင်းဟိလခိက ရှာဖန်အားလွှဲပေးလိုက်သည်။ အစ္စရေးလူမျိုးများသည် ဗိမာန်တော်ထဲတွင်ပညတ္တိကျမ်း ပျောက်ဆုံးစေခဲ့ကြသလို

**ယနေ့ကျမ်းစာအုပ်များပျောက်ဆုံးနိုင်သောအခြေအနေများမှာ၊**

- ယုံကြည်သူခရစ်ယာန်ဖြစ်လျက် ကိုယ်ပိုင်ကျမ်းစာအုပ်မရှိခြင်း
- ကိုယ်ပိုင်ကျမ်းစာအုပ်ရှိလျက် ထိုကျမ်းစာကိုမဖတ်ရှုခြင်း
- ကျမ်းစာဖတ်ရှုလျက် နားမလည်ခြင်း

- ကျမ်းစာနားလည်လျက် ဘဝပြောင်းလဲမှုမရှိခြင်း အစရှိသောအခြေအနေများဖြစ်ပါသည်။

**ဥပမာ အားဖြင့်**

- တမန် ၈း၂၆-၃၉ အဲသယောပိအမတ်သည်ကျမ်းစာ (ဟေရှာယ၊ ၅၃း၇-၈) ကိုဖတ်နေသော်လည်းလုံးဝနားမလည်ခဲ့ပါ။ ဖိလိပ္ပုအားဖြင့် ဝိညာဉ်တော်၏ဖွင့်ပြမှုကြောင့် နားလည်ခွင့်ရခဲ့သည်။

- ယော ၅း၃၉တွင်ယေရှုသည် ဖါရိရှဲတို့အား "သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုသော်လည်း အသက်ကိုရအောင်ငါ့ထံသို့လာခြင်းငှာ အလိုမရှိ --"ဟုဆိုခဲ့သည်။ ဝိညာဉ်မျက်စိကန်းကြသည်။

ဘာသာတရား၊ ဂိုဏ်းဂဏ၊ အသင်းတော်၊ လုပ်ငန်းတာဝန်၊ လူမျိုးစွဲ စိတ်ဓာတ်၊ လောဘတရား၊ အာဃာတတရားများက သမ္မာတရားကိုဖုံးကွယ်တတ်ပါသည်။ ထို့ကြောင့် ၁၆ရာစုအသင်းတော်ပြုပြင်ပြောင်းလဲသောကာလ၏ ကြွေးကြော်သံဖြစ်သော "Sola Scriptura - သမ္မာကျမ်းစာသာလျှင်" ကိုယနေ့ပြန်လည်အသက်သွင်းရန် လိုအပ်ပါသည်။ မှေးမှိန်နေသောသမ္မာကျမ်းစာကို ပြန်လည်ဖော်ထုတ်ရပါမည်။

**(၃) နောင်တရစေသော နှုတ်ကပတ်တော် (၄ရာ ၂၂း၁၁-၂၀)**

စာရေးတော်ရှာဖန် ဖတ်ပေးသောကျမ်းစာကို ရှင်ဘုရင်သည်ကြားလျှင် မိမိအဝတ်ကိုဆုတ်၍ (၄ရာ ၂၂း၁၂)ငိုကြွေးခဲ့သည်။ ထိုသို့ပြုခြင်းသည် နောင်တရသောသဘောကို သက်သေပြခြင်းဖြစ်သည်။"နောင်တ" "Metanoia"ဟူသောစကားလုံး၏ အခြေခံအဓိပ္ပါယ်သည် "စိတ်ထားပြောင်းလဲခြင်း"ပင်ဖြစ်သည်။ နောင်တတရား၏ဖြစ်စဉ်များမှာ၊

(၁) အတိတ်သို့ပြန်လည်စားမြုပ်ပြန်ခြင်း (Revisiting to the Past)



(၂) ပစ္စုပ္ပန်တွင်ယူကြုံးမရဖြစ်ခြင်း (Regretting at the Present)

(၃) အနာဂတ်တွင်အဖိုးအခပြန်ပေးခြင်း (Repaying the cost in the future) တို့ပါဝင်ပါသည်။

**စစ်မှန်သောနောင်တတရားသည် ကိုယ်စားပြုတတ်သည်။**

ရှင်ဘုရင်ယောရှိသည် "ကျမ်းစာရေးထားသမျှသောစကားတို့ကိုဘိုးဘေးတို့သည်နားမထောင်၊ မကျင့်ဘဲနေ (၂၂း၂၃)"ဟုဆိုကာ စေ့စပ်တိကျစွာ ပြန်လည်သုံးသပ်ခဲ့သည်။ လေးနက်စွာခံစားခဲ့သည်။ လွန်ခဲ့သောအတိတ်သမိုင်းတလျှောက် ဘိုးဘေးများ၏လမ်းလွှဲမှုများကို တစ်ခုချင်းစားမြုပ်ပြန်စဉ်းစားရာမှ ယူကြုံးမရဖြစ်ကာငိုကြွေးခဲ့သည်။

စစ်မှန်သောနောင်တတရားသည် မိမိဘဝအတွက်သာမဟုတ်၊ အများအတွက်ကိုယ်စားပြုကာဝန်ချရပါသည်။ ဥပမာ-ဒံယေလ ၉၊ ဇေရ ၉ နှင့် နေဟမိ ၁။

**စစ်မှန်သောနောင်တတရားသည်နှိမ့်ချ၏။**

နောင်တတရားသည် မာန်မာနကင်းပြီး၊ ချို့ယွင်းချက်မရှိသော နှိမ့်ချခြင်းမှအစပြုသည် (၂၂း၁၉)။ ရှင်ဘုရင်ကိုယ်တိုင်သည် မိမိရာထူး၊ သိက္ခာ၊ အဆင့်အတန်းရှိသမျှခွာချကာ၊ ကြီးမြတ်သောထာဝရဘုရားကိုသာစေ့စေ့ကြည့်ခဲ့သည်။

**ပရောဖက်မ ဟုလဒ**

ယောရှိမင်း၏ဝိညာဉ်ရေးရာအတိုင်ပင်ခံပုဂ္ဂိုလ်မှာ အမျိုးသမီးပရောဖက် ဟုလဒဖြစ်သည်။ နှုတ်ကပတ်တော်ခံယူပြီး နောင်တရကာ ယူကြုံးမရဖြစ်ရာမှ ပရောဖက်မဟုလဒ၏ အတည်ပြုမှုကိုရယူခဲ့သည်။ ထာဝရဘုရားသည် ပရောဖက်အားဖြင့်မိန့်တော်မူသည်မှာ (၂၂း၁၆-

၂၀)၊

- ယုဒလူမျိုးတို့၏ပြစ်မှားမှုကြောင့် ဘုရားသခင်၏အမျက်မီးသည် မငြိမ်းဘဲလောင်ရမည်၊
- ထိုအရပ်နှင့်ထိုပြည်သားတို့သည် ဖျက်ဆီးရာ၊ကျိန်ဆဲရာဖြစ်ရမည်၊

**သို့သော်ရှင်ဘုရင်သည်**

- ထာဝရဘုရားရှေ့တော်၌မိမိကိုယ်ကိုနှိမ့်ချလျက်
- မိမိအဝတ်ကိုဆုတ်ကာ ထာဝရဘုရားရှေ့မှာငိုကြွေးခြင်းပြုသောကြောင့်
- "သင့်စကားကိုငါနားထောင်၏" ဟုပြောခဲ့သည်။

ဤသို့ရှင်ဘုရင်ယောရှိအား ကြီးမားသောနောင်တရစေသောတန်ခိုးသည်ကျမ်းစာဖတ်ခြင်းနှင့် နားထောင်ခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ကြီးမားသောတန်ခိုးအာနိသင်ရှိပါသည်။ ကြားနာရုံနှင့်အကျိုးသက်ရောက်ပါသည်။ အသံထွက်အောင်ဖတ်ခြင်းဖြင့်အကျိုးထူးပါသည်။

ကျမ်းစာတန်ခိုးကြောင့်နောင်တတရားဖြစ်စေပါသည်။ နောင်တတရားသည်ပြောင်းလဲခြင်းဖြစ်စေပါသည်။ ထို့ကြောင့် ၂ရာချုပ် ၇း၁၄ တွင်၊

**"ငါ့နာမဖြင့်သမုတ်သောငါ့လူတို့သည်"**

- ကိုယ်ကိုနှိမ့်ချသဖြင့်
- ငါ့နာမကိုရှာလျက်
- ဆုတောင်းပဌနာပြု၍
- အဓမ္မလမ်းကိုရှောင်လျှင်



**ငါသည်**

- ကောင်းကင်ဘုံ၌နားထောင်မည်
- သူတို့အပြစ်ကိုဖြေ၍
- သူတို့ပြည်ကိုချမ်းသာပေးမည်" ဟုဆိုခဲ့သည်။

ယနေ့ယုံကြည်သူတိုင်းဘုရားကိုတိုင်တည်ပြီး ဆုတောင်းကြသည်မှာ "ပြည်တော်ကိုချမ်းသာပေးရန် To Heal the Land" ဟူသောပြောင်းလဲခြင်းပင်မဟုတ်ပါလား။

**(၄) ဒုစရိုက်ကိုစွန့်ခွာစေသောနှုတ်ကပတ်တော် (၄ရာ၂၃း၄–၂၀)**

"ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကိုနှလုံးထဲမှာသိုထားပါပြီ" ဟုဆာလံဆရာသီဆိုခဲ့ပါသည်။ (ဆာ၊ ၁၁၉း၁၁)။ နှုတ်ကပတ်တော်သည် အသက်နှင့်စိတ်ဝိညာဉ်ကို၄င်း၊ အရိုးအဆစ်နှင့်ခြင်ဆီကို၄င်း ပိုင်းခြား၍ထုတ်ချင်းခွင်းတတ်ပါသည်။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်သည်။ ဟေဗြဲ ၄း၁၂ (ခ)"။ ယောရှိမင်းသည် ပညတ္တိကျမ်းကိုလူထုရှေ့မှာဖတ်ကြားရာမှ မကောင်းမှုဒုစရိုက်များစွန့်ခွာစေသော ပြောင်းလဲခြင်းဖြစ်ပေါ်စေခဲ့သည်။ "... ဗာလဘုရား၊ အာရှရပင်၊ မိုးကောင်းကင်တန်ဆာအဘို့လုပ်သမျှသောအသုံးအဆောင်တို့ကို ဗိမာန်တော်ထဲကထုတ်ရန် --" ရှင်ဘုရင်စီရင်ခဲ့သည် (၂၃း၄)၊ မီးရှို့ခဲ့ကြသည်။

- ဗိမာန်တော်မှအစပြု၍ (၂၃း၄)
- ယေရုရှလင်မြို့ပတ်လည်အစရှိသော (၂၃း၅)
- ယုဒမြို့ရွာများ၌ (၂၃း၅)
- ဂေဗမြို့မှစ၍ဗေရရှေဗမြို့တိုင်အောင် (၂၃း၈)
- ရှမာရိမြို့ရွာတို့၌ (၂၃း၁၈) *(ထိုအချိန်တွင်ရှမာရိဒေသကို အာရှုရိ*

*တို့ကသိမ်းပိုက်ပြီး ဖြစ်သည်)။*

ညစ်ညမ်းစေသောအရာဟူသမျှ ဖျက်ဆီးခဲ့ကြသည်။ ဤပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ စစ်ဆင်ရေးဗျူဟာနှင့် သခင်ယေရှုမိန့်မှာခဲ့သော မဟာစေစားချက်တို့တူနေပါသည်။

ထိုအချိန်ယုဒလူမျိုးများမြေပေါ်တွင်ရှိသောညစ်ညမ်းမှုများမှာ

- ဗာလဘုရားများ
- အာရှရပင်များ
- မိုးကောင်းကင်တန်ဆာအတွက်လုပ်သမျှသော အသုံးအဆောင်များ
- ယုဒရှင်ဘုရင်ခန့်သော ဗာလယဇ်ပုရောဟိတ်များ
- နေ၊ လ၊ ရာသီစောင့်ကောင်းကင်တန်ဆာများ
- ယောကျ်ားအလိုသို့လိုက်သော မိန်းမလျှာတို့နေရာအိမ်များ
- နံ့သာပေါင်းမီးရှို့ရာမြင့်သောအရပ် (နတ်ကွန်း) များ
- သားသမီးဖြင့်ပူဇော်ရသော မောလုတ်ဘုရားများ
- ယုဒရှင်ဘုရင်တို့ပူဇော်သော နေ
- တံခါးဝ၌ထားသော မြင်းနှင့်ရထားများ
- အာဟပ်မင်း (ဘီစီ ၇၃၆-၇၁၆) တည်သော ယဇ်ပလ္လင်များ
- မနာရှေမင်း (ဘီစီ ၆၈၇-၆၄၂) တည်သော ယဇ်ပလ္လင်များ
- ရှောလမုန်မင်း (ဘီစီ ၉၇၀-၉၃၁) တည်သော
  ဇိဒုန်ဘုရား အာရှာတရက်
  မောဘဘုရား ခေမုရှ
  အမ္မုန်ဘုရား မိလကုံ
- ယေရောဘောင်မင်း(ဘီစီ ၉၃၁-၉၁၀)က ဗေသလကုန်းတွင် တည်



သော ကုန်းနှင့်ယဇ်ပလ္လင်
- သချိုင်းထဲရှိလူအရိုး
- မြင့်သောအရပ်ပေါ်မှာတည်သောအိမ်

- မြင့်သောအရပ်နှင့်ဆိုင်သော ယဇ်ပုရောဟိတ်များအစရှိသဖြင့် ၄ရာ၊ ၂၃း၄-၂၀ တွင်တွေ့ရပါသည်။ ယနေ့ယုံကြည်သူများ၏အသက်တာတွင်မည်ကဲ့သို့သောညစ်ညမ်းမှုများက လွှမ်းမိုးနေပါသနည်း။ နှုတ်ကပတ်တော်၏တန်ခိုးခံယူခြင်းဖြင့် မိမိဘဝအသက်တာညစ်ညမ်းမှုအပေါင်းကို လောင်ကျွမ်းစေခြင်း(ယေရမိ ၅း၁၄)၊ ထုခွဲခြင်း (ယေရမိ၊ ၂၃း၂၉) နှင့်အရိုးဆစ်နှင့်ခြင်ဆီထိတိုင်ပိုင်းခြား၍ ထုတ်ချင်းခွင်းခြင်း(ဟေဗြဲ ၄း၁၂)တို့ဖြင့်ဖယ်ရှားကာ ပြောင်းလဲသောအသက်တာသို့ရောက်ရှိရန်ဖြစ်ပေသည်။

## (၅)ကတိသစ္စာပြန်လည်အသက်သွင်းစေသော နှုတ်ကပတ်တော် (၄ရာ ၂၃း၁-၃၊ ၂၁-၂၃)

ယုံကြည်ခြင်းအားနည်းတတ်လျှက်၊ ကတိကဝတ်ပျက်တတ်သောလူသားများသည် သခင်ဘုရားနှင့်ပြုခဲ့သောကတိသစ္စာကို အသက်ပြန်သွင်းကြရန်လိုအပ်ပါသည်။

ယောရှိမင်းသည်ပညတ္တိကျမ်းစာများကြားနာ၍ နောင်တရရုံမက၊ မိမိကိုယ်တိုင်ဖတ်ခြင်းဖြင့် ကြီးမားသောပြောင်းလဲမှုဖြစ်ပေါ်စေခဲ့သည်။ တမျိုးသားလုံး၏အရေးအဖြစ်ခံယူသည်။ ထို့ကြောင့်ယုဒပြည်သူ၊ ယေရုရှလင်မြို့သား၊ အသက်ကြီးသူအပေါင်း၊ ယဇ်ပုရောဟိတ်၊ ပရောဖက်၊ လူအကြီးအငယ်အပေါင်းတို့နှင့် ဗိမာန်တော်သို့တက်၍ ပဋိညာဉ်ကျမ်းစာရှိသမျှကို သူတို့ရှေ့မှာဖတ်ပြခဲ့သည် (၂၃း၁-၂)။

ထိုသို့ဖတ်ရာတွင် ပညတ်တိကျမ်းစာတစ်ခုလုံးပြီးရန် (၁၀)ရက်မကကြာမည်ဟုခန့်မှန်းနိုင်ပါသည်။ အသံမစဲ၊ အစာရှောင်ကာ၊ နှုတ်ကပတ်တော်ဖတ်ကြားခံယူခြင်းဖြစ်သည်။ ထိုကဲ့သို့ပြုသောအကျိုးဆက်ကြောင့် (၂၃း၃) တွင် ရှင်ဘုရင်မှအစပြု၍

- ထာဝရဘုရားကိုဆည်းကပ်ပါမည်။
- စီရင်ထုံးဖွဲ့ချက်ပညတ်တရားကို စိတ်နှလုံးအကြွင်းမဲ့ စောင့်ရှောက်ပါမည်။
- ဤကျမ်းစာ၌ပါသောပဋိညာဉ်စကားအတိုင်းကျင့်ပါမည်” ဟုတိုင်နားမှာရပ်၍ အဓိဋ္ဌာန်ပြု၏။ လူအပေါင်းတို့သည်လည်း ထိုအဓိဋ္ဌာန်ကိုဝန်ခံကြ၏။ ဤသည်မှာတမျိုးသားထုလုံး ကတိသစ္စာဆိုခြင်းဖြစ်သည်။ မှားသောလမ်းဟောင်းကိုစွန့်ကာ၊ ပဋိညာဉ်ကိုအသက်ပြန်သွင်းခြင်းဖြစ်သည်။

**ပဿခါပွဲကျင်းပခြင်း။**

ယောရှိမင်းဦးဆောင်သော ပြုပြင်ပြောင်းလဲခြင်း၏ အထွဋ်အထိပ်သည် ပဿခါပွဲကျင်းပခြင်းဖြစ်သည်။ ပဿခါပွဲသည် ယုဒလူမျိုးများအတွက်မမေ့အပ်သော ပွဲဖြစ်သည်။ အဲဂုတ္တုပြည်ခါးသီးသောကျွန်ဘဝမှအံ့ဩဘွယ် ခေါ်ထုတ်သောဘုရားရှင်၏ တန်ခိုးတော်ကိုပြန်လည်သတိရစေသောပွဲဖြစ်သည်။ ပဿခါပွဲ၏နောက်ခံ အနှစ်သာရကို အခြေခံလျက်သခင်ယေရှု၏ ပဋိညာဉ်အသစ်ဖြစ်သော “ပွဲတော်မင်္ဂလာ” အစပြုခဲ့ပါသည်။

ထိုပဿခါပွဲကိုတရားသူကြီးလက်ထက် (ဘီစီ ၁၂၁၀ခန့်) မှစ၍ အစ္စရေးရှင်ဘုရင်နှင့် ယုဒရှင်ဘုရင်များလက်ထက် ကာလပတ်လုံး တစ်ခါမျှမကျင်းပကြပါ (၂၁း၂၂)။ ယောရှိမင်းနန်းစံသော (၁၈)နှစ်



မြောက် (ဘီစီ ၆၂၂) တွင်ယေရုရှလင်မြို့၌ ပဿခါပွဲကျင်းပနိုင်ခဲ့သည် (၂၃း၂၂)။ ယုဒလူမျိုးတို့သည် ထာဝရဘုရား၏တရားတော်မှမည်သည့်အတိုင်းအတာအထိ လမ်းလွဲခဲ့ကြောင်းကို နှစ်ပေါင်း(၅၈၈)မျှ ပဿခါပွဲမကျင်းပခြင်းဖြင့် ခန့်မှန်းနိုင်ပါသည်။ ဤသည်မှာပြုပြင်ပြောင်းလဲခြင်းဖြင့် မှန်ကန်သောအသက်တာသို့ ပြန်လည်အသက်သွင်းခြင်း “Restoration through Transformation” ဖြစ်သည်။

**နိဂုံး**

ဤမျှလောက်ကြီးမားသော ပြုပြင်ပြောင်းလဲမှုသည်၊ ပြန်လည်တွေ့ရှိသောပညတ္တိကျမ်း ဖတ်ကြားခြင်းကြောင့်ဖြစ်သည်။ ယနေ့ယုံကြည်သူခရစ်ယာန်တိုင်းသည် တရားတော်၌မွေ့လျော်ခြင်းဖြင့် အောင်မြင်သောအသက်တာသို့အသက်ရှင်ရန် (ဆာလံ ၁း၁-၆၊ယောရှု ၁း၇-၈) ဖြစ်ပါသည်။ ထိုနှုတ်ကပတ်တော်ခံယူခြင်းဖြင့် ဝမ်းမြောက်ရွှင်လန်းမှု (ယေရမိ၁၅း၁၆)ခံစားကာ၊ စိတ်ဝိညာဉ်ပြုပြင်ခြင်း၊ လိမ္မာခြင်း၊ မျက်စိလင်းခြင်း (ဆာ ၁၉း၇-၈၊ ၁၁၉း၁၈) များရရှိခံစားနိုင်ပါသည်။ နှုတ်ကပတ်တော်၏တန်ခိုးအားဖြင့် ပြန်လည်သစ်လွင်သော အသက်တာရရှိနိုင်ပါသည်။

ခရစ်တော်၏နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့်ယုံကြည်သူတို့အသက်တာ၌ ကြွယ်ဝစွာတည်နေရန်(ကော ၃း၁၆)၊ နှုတ်ကပတ်တော်၏နို့စစ်ဖြင့်ကြီးပွားရန်(၁ပေ ၂း၂)၊ အသင်းတော်သည်နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းရန် ဘုရားရှင်အလိုရှိပေသည်။

ဘဝအသက်တာပြောင်းလဲစေနိုင်သော နှုတ်ကပတ်တော်၏တန်ခိုးကိုအစဉ်အမြဲခံယူကာ၊ ပြောင်းလဲနေသော ကမ္ဘာလောကကြီး

တွင် လူသားတို့၏တွေးခေါ်မှု၊ ယဉ်ကျေးမှုနှင့်ဘဝတန်ဖိုးထားမှုမှအစ လူ့ဘောင်လောကကြီးကို ပြောင်းလဲစေခြင်းဖြင့်၂၁ရာစု ကမ္ဘာလောကကြီးကိုမှောက်လှန်သော ဘုရားသခင်၏အသုံးတော်ခံများ ဖြစ်နိုင်ကြပါစေ။

**သိက္ခာတော်ရဆရာ ခွေလမ်းထန်**
**ဘာသာပြန်အရာရှိ**



သမ္မာကျမ်းစာနေ့ဓမ္မဒေသနာ

**"ဘဝသက်တာပြောင်းလဲစေရာနှုတ်ကပတ်တော်"**

ခရစ်ယာန်တစ်ဦး၏အသက်တာတွင် နှုတ်ကပတ်တော်သည် ဘုရားသခင်၏စကားတော်ကို နားထောင်ရာ၌အရေးကြီးဆုံးကဏ္ဍတွင်ပါဝင်နေပါသည်။ ဆုတောင်းလျှင်ဘုရားသခင်ကို စကားပြောသည် နှုတ်ကပတ်တော်ကိုဖတ်လျှင် ဘုရားသခင်ပြောတာကို နားထောင်ခြင်းဖြစ်သည်။ ဘုရားသခင်၏အလိုတော်ကို နားလည်စေသည်။ လူသားတိုင်းဘုရားသခင်ကို သိချင်ကြသည်။ ဘုရားသခင်၏အလိုတော်ကိုလည်း သိချင်ကြသည်။ မျက်မြင်မရသောအောက်ဆီဂျင်($O_2$)ကိုရှာလျှင် ရှာရန်နည်းလမ်းမှန်ရှိသည်။ ထိုနည်းလမ်းမှန်အတိုင်းရှာမှ အောက်ဆီဂျင်ကိုရရှိပေမည်။ စကြာဝဠာမိုးမြေကို ဖန်ဆင်းတော်မူသော ဝိညာဏ၊ မျက်မြင်မရသောဘုရားသခင်ကို မည်သို့ရှာမည်နည်း၊ မှန်သောလမ်းမှာ နှုတ်ကပတ်တော်အတိုင်း သတိပြုခြင်းပင်ဖြစ်သည်။ နှုတ်ကပတ်တော်က ထာဝရဘုရားသခင်ကို သက်သေခံသည်။ ဖေါ်ပြသည် (ယောဟန်၅း၃၉)။ ထာဝရဘုရားသခင်ကိုကောင်းကောင်းသိနိုင်ဖို့ ဤတစ်လမ်းတည်းသာဖြစ်သည် (ယောဟန်၁၄း၆)။

နှုတ်ကပတ်တော်ကိုဖတ်၍ ဘုရားသခင်ကိုသိ၊ ဘုရားသခင်ကို လက်ခံလိုက်မှတော့ ထိုသူ၏ဘဝအသက်တာသည် မပြောင်းလဲဘဲ မနေနိုင်၊ ထူးကိုထူးခြားသွားရပါသည်။ ဘဝ အသက်တာပြောင်းလဲသွားရပါသည်။ (ဟေရှာယ၄ဝး၂၈-၃၁)တစ်ဦးတည်းနေသည်မှ ဘုရားသခင်ကိုသိသွား၍ ဘုရားသခင်နှင့်အတူနေသွားရခြင်းသည် အလွန်တန်ဘိုးရှိသောအသက်တာ၊ အံ့ဩဘွယ်ကောင်းသော အသက်တာဖြစ်သွားရပါသည်။ နှုတ်ကပတ်တော်၏ပြောင်းလဲပေး

ခြင်းပင်ဖြစ်ပါသည်။ (ယောဟန် ၅း၃၉-၄၀၊ ရောမ ၁၀း၁၇)။ လူတိုင်း နောင်ဘဝမှာကောင်းရာကိုရောက်လိုကြသည်။ ထာဝရကောင်းနေမဲ့ နေရာသို့ရောက်လိုကြသည်။

နှုတ်ကပတ်တော်၏ဘဝသက်တာကို ပြောင်းလဲပေးသောဒုတိယအချက်မှာ နှုတ်ကပတ်တော်ကြောင့် ယခုဘဝ၊ နောင်ဘဝထာဝရကောင်းတဲ့ထာဝရအသက်ကို ခရစ်တော်ကိုအားကိုးခြင်းအားဖြင့် ရရှိကြောင်း သိလိုက်ရခြင်းပင်ဖြစ်သည် (၁ယော ၅း ၁၃)။

ထီပေါက်နေတာကို မသိသေးသောသူတစ်ယောက်၊ "ထီပေါက်စဉ်"မှာမိမိရဲ့ပေါက်နေတဲ့ နံပါတ်ကိုတွေ့လိုက်ရတော့မှ ထီပေါက်နေတာသိလိုက်ရတယ်။ အဲဒီလူရဲ့ဘဝအသက်တာဟာ မပြောင်းလဲဘဲနဲ့ကိုမနေဘူး၊ ပြောင်းကိုပြောင်းလဲသွားတယ်။ ခရစ်တော်ကိုအားကိုးယုံကြည်နေသူတစ်ဦး၊ နှုတ်ကပတ်တော်က "ငါအမှန် အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏"(ယောဟန် ၆း၄၇) ဆိုတာကိုဖတ်လိုက်ရတော့၊ "ထာဝရအသက်ကိုရ၏" ထာဝရအသက်ကိုရနေပြီဆိုတာသိလိုက်ရတော့ ဘယ်လိုမှအဲဒီလူရဲ့ဘဝအသက်တာဟာ မပြောင်းလဲဘဲမနေနိုင်တော့ဘူး၊ ဘာနဲ့မှယှဉ်လို့မရတဲ့ထာဝရအသက်ကိုရနေသူတစ်ဦး အနေနဲ့ထာဝရအသက်ကိုပေးတဲ့ခရစ်တော်ကိုကျေးဇူးတင်ပြီး၊ ဝမ်းသာနေနိုင်တာဟာနှုတ်ကပတ်တော်မှပြောင်းလဲပေးလိုက်တာပါ။ ပျက်စီးခြင်းငရဲ၊ အပြစ်ဒဏ်စီရင်ခြင်းကိုမခံရတော့ဘဲ (ယောဟန် ၃း၁၈) ကောင်းကင်အရပ်၌နေရာရလိုက်တာ (ဧဖက် ၂း၆)၊ နှုတ်ကပတ်တော်ရဲ့ဘဝအသက်တာကိုပြောင်းလဲပေးလိုက်တာပါ။

ပျက်စီးခြင်းနဲ့အပြစ်ထဲမှာနစ်မွန်းပြီး အပြစ်ဒဏ်စီရင်ခြင်းကိုခံရမဲ့အခြေအနေမှခရစ်တော်ယေရှုရဲ့ ကျွန်ုပ်တို့အပြစ်အတွက်ကား



တိုင်မှာ ကျွန်ုပ်တို့ကိုယ်စားအပြစ်ဒဏ်ကို ခံသွားတဲ့မေတ္တာကို သိလိုက်ပြီးကယ်တင်ခြင်းကိုခံစားလိုက်ရတာဟာ နှုတ်ကပတ်တော်ရဲ့ဘဝအသက်တာကို ပြောင်းလဲပေးလိုက်တာပါ။ နှုတ်ကပတ်တော်ကြောင့် မှောင်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းခြင်းခံရသည်။ ရွေးချယ်ခြင်းခံရသည်။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်း ဖြစ်သည်ဆိုတာကိုသိရ၏။ ခရစ်တော်ယေရှုကိုယုံကြည်လို့ ဘုရားသခင်၏သားသမီးတွေဖြစ်နေရပါလားဆိုတာ နှုတ်ကပတ်တော်ကိုဖတ်လိုက်ရလို့ဘဲဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ကတော့ လူတိုင်းသန့်ရှင်းသောအသက်တာ၊ ကောင်းမြတ်တဲ့အသက်တာမှာ ဘုရားအကြိုက်အသက်ရှင်လိုကြတယ်။ ဒါပေမဲ့လူဟာအပြစ်သား၊ အကန့်အသတ်ရှိတဲ့ အစွမ်းလေးနဲ့ ကိုယ့်ကိုယ်ကိုသန့်ရှင်းအောင် ကြိုးစားအသက်ရှင်ဖို့ဆိုတာမလွယ်ပါ၊ ရမယ်လို့ "ထင်တာ"ဘဲရှိပါတယ်။ ကိုယ်၊ စိတ်၊ နှုတ်နဲ့ပြစ်မှားနေကြတယ်။ လုပ်သင့်လုပ်ထိုက်၊ ပြောသင့်ပြောထိုက်တာတွေကိုမလုပ်နိုင်၊ မပြောနိုင်ဖြစ်နေသလို၊ မလုပ်သင့်မလုပ်ထိုက်၊ မပြောသင့်မပြောထိုက်တာတွေကို လုပ်နေပြောနေမိကြတယ်။ အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်တွေမှားနေကြတယ်။ ဒါတွေကိုမှန်စေတာ၊ သန့်ရှင်းစေတာကနှုတ်ကပတ်တော်ပါ။

ရှေးဦးစွာနှုတ်ကပတ်တော်က ခရစ်တော်ကြောင့်ယုံကြည်သူများဟာ "သန့်ရှင်းသူ"တွေလို့ပြောထားတာကြောင့် (ရောမ ၁း၅)မိမိကိုယ်မိမိခရစ်တော်ကြောင့် သန့်ရှင်းသူဖြစ်နေတယ်ဆိုတာသိထားရပါမယ်။ (ယော ၁၅း၃) သန့်ရှင်းသူဖြစ်သွားရလို့ သန့်ရှင်းသောအသက်တာမှာအသက်ရှင်ရမယ်၊ နှုတ်ကပတ်တော်ကိုသိပြီး အသက်ရှင်ရ

မယ်။ (၁တိ ၂း၄)ဘုရားသခင်သားဖြစ်သွားတာကြောင့် ဘုရားသခင်သားကဲ့သို့အသက်ရှင်ရမယ်။ "နှုတ်ကပတ်တော်ရေ၌ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည့်အကြောင်း" (ဧဖက် ၅း၂၇)လို့ပြောထားတဲ့အတိုင်း နှုတ်ကပတ်တော်ကအခြား မမှန်ကန်တဲ့အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်များကို လွှမ်းမိုးသွားရမယ်။ တမန်တော်များဟာအခြားသော ဂျူးဘာသာဆရာများရဲ့ သွန်သင်မှုများကိုခရစ်တော်၏နှုတ်ကပတ်တော် လွှမ်းမိုးခြင်းအားဖြင့် မှန်ကန်သန့်ရှင်းစေတာဖြစ်ပါတယ်။ (ယောဟန် ၁၅း၃) ကလေးငယ်များအတွက်နို့အရေးကြီးသကဲ့သို့ ယုံကြည်သူများအတွက် နှုတ်ကပတ်တော်သည် အရေးကြီးပါ၏ (၁ပေ ၂း၃)၊ နှုတ်ကပတ်တော်ကိုဖတ်၍ နှလုံးသွင်းခြင်းဖြင့်သန့်ရှင်းသောအသက်တာ ဘုရားကြိုက်နှစ်သက်တဲ့ အသက်တာမှာအသက်ရှင်နိုင်မှာဖြစ်ပါသည်။ (ဆာလံ ၁၁၉း၉၊၁၁) "နှုတ်ကပတ်တော်သည် ကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏"(ဆာလံ ၁၁၉း၁၀၈) နှုတ်ကပတ်တော်ကိုဖတ်တဲ့အခါနှုတ်ကပတ်တော်ကမီးခွက်ကဲ့သို့ ကျွန်ုပ်ဘာလုပ်ရမလဲဆိုတာကိုရှင်းရှင်းလင်းလင်း ထင်ပေါ်စေပါတယ်။

ဒါ့ကြောင့်နှုတ်ကပတ်တော်သည် ထာဝရဘုရားသခင်ကိုသိစေပြီးထာဝရဘုရားသခင်နှင့်အတူ ယခုဘဝ၊ နောင်ဘဝ ထာဝရအသက်ရှင်ဖို့ဖော်ပြရုံမက၊ ထာဝရဘုရားသခင်နှစ်သက်တဲ့ သန့်ရှင်းသောအသက်တာမှာ အသက်ရှင်စေပါတယ်။ ဘဝအသက်တာကိုအံ့သြဘွယ်ပြောင်းလဲစေတာနှုတ်ကပတ်တော်ပါ။

**ဂိုဏ်းချုပ်ဆရာတော်ကြီးဦးဇိုးထန်မောယာ**
**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**



## ဆုတောင်းရန်အချက်များ

- မြန်မာနိုင်ငံကျမ်းစာအသင်းအား လမ်းပြပို့ဆောင်ကောင်းကြီးပေးသောဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းရန်၊
- မြန်မာနိုင်ငံကျမ်းစာအသင်းအား ဦးဆောင်လမ်းညွှန်နေသောစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအတွက်၊
- မြန်မာနိုင်ငံကျမ်းစာအသင်းအား ဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ပေးလှူခြင်းအားဖြင့်သော်လည်းကောင်း ပါဝင်ကူညီကြသောအသင်းတော်များ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းအလှူရှင်များ၊ ပံ့ပိုးသူအသင်းသားများ၊ စေတနာ့ဝန်ထမ်းများ ကျမ်းမာရွှင်လန်းလျက်ဝိညာဉ်ခွန်အားပြည့်ဝစွာဖြင့် အသင်းကြီး၏အမှုတော်လုပ်ငန်းတွင် ဆက်လက်ပါဝင်ဆက်ကပ်ကူညီနိုင်ရန်၊
- မြန်မာနိုင်ငံကျမ်းစာအသင်း၏ လုပ်ငန်းများဖြစ်သော ဘာသာပြန်ဆိုရေး၊ ပုံနှိပ်ထုတ်ဝေရေး၊ ဖြန့်ချိရေးနှင့်ရံပုံငွေမြှင့်တင်ရေးတို့အတွက်၊
- မြန်မာသမ္မာကျမ်းစာအုပ်များကို မူရင်းအတိုင်းပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက်၊
- သမ္မာကျမ်းစာအား တိုင်းရင်းသားဘာသာအသီးသီးဖြင့် ပြန်ဆိုနေကြသောဘာသာပြန်ဆိုရေးစီမံကိန်းများ၊ ဘာသာပြန်ဆိုသူများနှင့်စိစစ်ပေးသောအတိုင်ပင်ခံပုဂ္ဂိုလ်ကြီးများအတွက်၊
- သမ္မာကျမ်းစာကိုပုံနှိပ်ပေးလျက်ရှိသော ပြည်တွင်းမှပုံနှိပ်တိုက်များနှင့်ပြည်ပမှကျမ်းစာအသင်းကြီးများအတွက်၊
- ကျမ်းစာအသင်းမှပံ့ပိုးကူညီလျက်ရှိသော တိုင်းရင်းသားစာပေစီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊
- မြန်မာနိုင်ငံကျမ်းစာအသင်းကြီးနှင့် မိတ်ဖက်လုပ်ဆောင်သော Sum-

mer Institute of Linguistics နှင့် Faith Comes By Hearing Ministry အဖွဲ့နှင့်လုပ်ငန်းများအတွက်၊

- ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့(United Bible Societies)နှင့်ကျမ်းစာအသင်းအသီးသီးတို့အား ဦးဆောင်နေသောခေါင်းဆောင်ကြီးများနှင့်လုပ်ငန်းအသီးသီးအတွက်၊
- မြန်မာနိုင်ငံကျမ်းစာအသင်းတွင် ဆက်ကပ်အမှုတော်ဆောင်နေကြသောဝန်ထမ်းများနှင့် မိသားစုများသည်သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝလျက် ကျမ်းစာအမှုတော်လုပ်ငန်းကို စွမ်းအားရှိသမျှပါဝင်ထမ်းဆောင်ရန်၊



# မြန်မာနိုင်ငံကျမ်းစာအသင်း၏ အမှုတော်လုပ်ငန်း

ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက်၊ ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍ ---------- (ဟေဗြဲ၊ ၄း၁၂)

လူ့ဘဝအသက်တာကိုပြောင်းလဲစေနိုင်သည့် တန်ခိုးနှင့်ပြည့်ဝသောနှုတ်ကပတ်တော် သမ္မာကျမ်းစာကို လူတိုင်းမိမိဖတ်ရှုနားလည်နိုင်သော ဘာသာစကား၊ ဝယ်ယူနိုင်သော တန်ဖိုးဖြင့်ရရှိပြီး၊ အသက်တာများပြောင်းလဲစေရန်အတွက် ဦးတည်လုပ်ဆောင်လျက်ရှိသော သမ္မာကျမ်းအမှုတော်လုပ်ငန်းကို ၂၀၀၆ခုနှစ်တွင်ဆက်လက်လုပ်ဆောင်နိုင်ခြင်းအတွက် ကျေးဇူးတော်ကိုချီးမွမ်းလျက် ၂၀၀၆ခုနှစ်အတွင်းလုပ်ငန်းဆောင်ရွက်မှုများတို့ကို အောက်ပါအတိုင်းဖော်ပြအစီရင်ခံအပ်ပါသည်။

၂၀၀၆ခုနှစ်အတွင်းမြန်မာနိုင်ငံ ကျမ်းစာအသင်း၏ လုပ်ငန်းများတို့ကို အကောင်အထည်ဖော်ရာတွင် အခက်အခဲအမျိုးမျိုးကိုတွေ့ကြုံရင်ဆိုင်ရသော်လည်း ဘုရားသခင်၏လမ်းပြပို့ဆောင်ကောင်းချီးပေးခြင်း၊ တာဝန်ရှိသောစီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်တွန်းအားပေးမှု၊ အဖွဲ့ဝင်အသင်းတော်ဂိုဏ်းဂဏများ၊ အသင်းတော်များ၊ ယုံကြည်သူများ၏ဆုတောင်းပေးခြင်း၊ စိတ်အားထက်သန်စွာပေးလှူခြင်း၊ စေတနာ့ဝန်ထမ်းများ၏ ဆက်ကပ်ပါဝင်ပံ့ပိုးခြင်းနှင့် ဝန်ထမ်းများအားလုံးတို့၏ စည်းလုံးညီညွတ်စွာ ဆက်ကပ်လုပ်ဆောင်မှုကြောင့် အခက်အခဲများကိုကျော်လွှား အောင်မြင်နိုင်ခဲ့ပါသည်။

## အသင်း၏ အရာရှိများ

မြန်မာနိုင်ငံကျမ်းစာအသင်း(၁၄)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကို အိမ်ရှင်အဖြစ်မြန်မာနိုင်ငံ အေဂျီ (ဧဝံဂေလိ) အသင်းတော်များ အထွေထွေသာသနာကောင်စီ ဌာနချုပ်ကအပြည့်အဝတာဝန်ယူပြီး ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤသင်းလုံးကျွတ် အစည်းအဝေးတွင် အောက်ပါသာသနာ ခေါင်းဆောင်ကြီးများတို့ကို မြန်မာနိုင်ငံကျမ်းစာအသင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် သက်တမ်းအတွက် အရာရှိများအဖြစ် ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်ခဲ့ပါသည်။

ဥက္ကဌ - သာသနာပိုင်ချုပ်ကြီးရှမွေလမန်းစံစီဌေး (အင်္ဂလီကန်)

ဒု-ဥက္ကဌ - ဘုန်းတော်ကြီးဂျန်စင်ရာဂျန်အင်ဒြူးစ် (လူသာရင်)

အကျိုးဆောင်ဘဏ္ဍာထိန်း - သိက္ခာတော်ရဆရာစောခရီးနာ (နှစ်ခြင်း)

## လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံကျမ်းစာအသင်း၏ အဓိကလုပ်ငန်း(၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

က။ ဘာသာပြန်ဆိုရေးလုပ်ငန်း

ခ။ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း

ဂ။ ဖြန့်ချိရေးလုပ်ငန်း

ဃ။ ရံပုံငွေမြှင့်တင်ရေးလုပ်ငန်း



## က။ ဘာသာပြန်ဆိုရေးလုပ်ငန်း

က-၁။ ၂၀၀၆ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါဘာသာပြန်ဆိုရေးစီမံကိန်းများတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(၁) ခေတ်သုံးချိုချင်းဓမ္မဟောင်းကျမ်းစာ
(၂) ခေတ်သုံးပိုးကရင်ဓမ္မဟောင်းကျမ်းစာ
(၃) ခေတ်သုံးလော်ဝေါ်ဓမ္မဟောင်းကျမ်းစာ
(၄) ခေတ်သုံးလာချိဒ်ဓမ္မဟောင်းကျမ်းစာ
(၅) ခေတ်သုံးခူမီးချင်းဓမ္မဟောင်းကျမ်းစာ
(၆) ခေတ်သုံးဟာဝါနာဂဓမ္မဟောင်းကျမ်းစာ
(၇) ခေတ်သုံးဇိုချင်းဓမ္မသစ်ကျမ်းစာ
(၈) ခေတ်သုံးမတူချင်းဓမ္မသစ်ကျမ်းစာ
(၉) ခေတ်သုံးဇာညက်ချင်းဓမ္မသစ်ကျမ်းစာ
(၁၀)ခေတ်သုံးပအိုဝ်းဓမ္မသစ်ကျမ်းစာ
(၁၁)ခေတ်သုံးအရှိုချင်းဓမ္မသစ်ကျမ်းစာ
(၁၂)မြန်မာလေ့လာရန်သမ္မာကျမ်း
(၁၃)စကောကရင်လေ့လာရန်သမ္မာကျမ်း
(၁၄)လီဆူလေ့လာရန်သမ္မာကျမ်း
(၁၅)ဖလမ်းချင်းလေ့လာရန်သမ္မာကျမ်း
(၁၆)ဟားခါးချင်းလေ့လာရန်သမ္မာကျမ်း
(၁၇)တီးတိန်ချင်းလေ့လာရန်သမ္မာကျမ်း
(၁၈)ဖလမ်းချင်းသမ္မာကျမ်းစာ (Revision)
(၁၉)ကလေးများအတွက်သမ္မာကျမ်းစာ

က-၂။ ယခုအခါအရည်အချင်းပြည့်ဝသော ဘာသာပြန်ဆိုရေးလုပ်ငန်းအတွင်းရေးမှူးနှင့် ဘာသာပြန်ဆိုရေးအရာရှိတို့ကြောင့် ဘာသာပြန်ဆိုရေးလုပ်ငန်းကို ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၆ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါဘာသာပြန်ဆိုရေးစီမံကိန်းများတို့ကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၁)ခေတ်သုံးမတူချင်းဓမ္မသစ်ကျမ်း
(၂)ခေတ်သုံးဇာညက်ချင်းဓမ္မသစ်ကျမ်း
(၃)ကလေးများအတွက်သမ္မာကျမ်း
(၄)ခေတ်သုံးဇိုချင်းဓမ္မသစ်ကျမ်း

က-၃။ ၂၀၀၇ခုနှစ်တွင်အောက်ဖော်ပြပါ ဘာသာပြန်ဆိုရေးစီမံကိန်းများတို့ကို စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁)ခေတ်သုံးဟာဝါနာဂဓမ္မဟောင်းကျမ်း
(၂)ခေတ်သုံးဇိုတုန်ချင်းဓမ္မဟောင်းကျမ်း
(၃)ပြန်လည်ပြင်ဆင်သောလားဟူသမ္မာကျမ်း
(၄)ပြန်လည်ပြင်ဆင်သောမြန်မာသမ္မာကျမ်း (ယုဒသန်မူ)

က-၄။ ဘာသာပြန်လုပ်ငန်းတွင်အဓိက တွေ့ကြုံခဲ့ရသည့်အခက်အခဲတစ်ခုမှာ ဘာသာပြန်အတိုင်ပင်ခံစစ်ဆေးပြီးသော စာမူများကိုသမ္မာကျမ်းစာအုပ်အဖြစ် ပုံနှိပ်ရန်အတွက် Non-Roman Scripts များအားစာစီခြင်း (Typesetting) ဖြစ်ပါသည်။ ယခုအခါလက်ရှိဝန်ထမ်းများသည်ထိုင်းနိုင်ငံတွင်ပြုလုပ်သည့် သင်တန်းသို့ တက်ရောက်ခဲ့ပြီး၊ လိုအပ်သောကျွမ်းကျင်မှုကို အတိုင်းအတာတစ်ခုအားဖြင့် ရရှိခဲ့ရာ၊ နှစ်ပေါင်းအတော်ကြာ ဘာသာပြန်ဆိုရေးလုပ်ငန်းပြီးဆုံး၍ ပုံနှိပ်ရန်



ကြန့်ကြာခဲ့သောတိုင်းရင်းသား ဘာသာစကားသမ္မာကျမ်းစာများကို မကြာမီပုံနှိပ်နိုင်မည်ဖြစ်ပါသည်။ (ဥပမာ၊ ပအိုးဝ်ဓမ္မသစ်ကျမ်း)

**ခ။ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း**

ခ-၁။ ပုံနှိပ်ထုတ်ဝေရေးတွင် အခက်အခဲအမျိုးမျိုးရှိသော်လည်းအရည်အသွေးနှင့်အရေအတွက်ပါတိုး၍ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၆ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သောသမ္မာကျမ်းစာအုပ်နှင့် အခြားစာအုပ်စာစောင်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၀၆ |
|---|---|
| **1. Bibles** | |
| (1) Myanmar Bible (Small Size)(OV) | 1,000 |
| (2) Sgaw Kayin (OV) | 1,000 |
| (3) Sgaw Kayin (CL) | 2,000 |
| (4) Pulpit Bible (OV) | 2,100 |
| (5) Lisu (OV) | 3,100 |
| (6) Haka | 5,000 |
| (7) Mizo | 5,000 |
| (8) Kuki | 3,000 |
| **2. New Testaments** | |
| (1) Bible NT Ps&Prov (Gideon) | 100,000 |
| (2) Ngawn Chin (NT) | 1,000 |
| (3) Jinghpaw (CL) | 5,034 |
| (4) Lacid (CL) | 3,011 |

**3. Portions&Selections**

| | | |
|---|---|---|
| (1) | Elijah Colour Comic | 5,000 |
| (2) | Joseph Colour Comic | 5,000 |
| (3) | Paul Colour Comic | 5,000 |
| (4) | The Giver of Light Audio CD Vol.1 | 700 |
| (5) | The Giver of Light (Tape) Vol.1 | 800 |
| (6) | Calendar (2007) | 3,000 |
| (7) | Diary (2007) | 1,000 |
| (8) | Pre- Bible Day Singing Contest (VCD) | 1,000 |

**4. Selections**

| | | |
|---|---|---|
| (1) | Easter Selections | 200,000 |
| (2) | Christmas Selections | 250,000 |
| (3) | Christmas Card | 500 |
| (4) | Hospital Selections | 10,000 |
| | **Total** | **613,245** |

ခ-၂။ ဧဝံဂေလိလုပ်ငန်းနှင့် စာမဖတ်တတ်သူများအတွက် အထူးရည်ရွယ်၍ ခရစ်တော်၏သက်တော်စဉ်ကို ဇာတ်လမ်းဖြင့်တင်ဆက်သော **"အလင်းပေးပိုင်ရှင်"** ကို CD နှင့်ကက်ဆက်ခွေ ဖြင့်စီစဉ်ထုတ်ဝေနိုင်ခဲ့ပါသည်။ ဤထုတ်လုပ်မှုကို စနစ်တကျသုတေသနပြုလုပ်ပြီး၊ ပညာရှင်များဖြင့်ဇာတ်လမ်းရေးသားပြုစုခြင်း၊ အသံသွင်းခြင်းနှင့်စိစစ်ခြင်းတို့ကိုပြုလုပ်ခဲ့ပြီး၊ အဆင့်မြင့်စွာထုတ်လုပ်နိုင်ခဲ့ပါသည်။ အသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့အစည်းများသည် ဤသို့ထုတ်လုပ်ခဲ့သော CDနှင့်ကက်ဆက်ခွေများတို့ကိုဧဝံဂေလိလုပ်ငန်းတွင်အသုံးပြု လျက်ရှိပါသည်။



## ၈။ ဖြန့်ချိရေးလုပ်ငန်း

၈-၁။ အစီရင်ခံသည့်ကာလအတွင်း သမ္မာကျမ်း၊ ဓမ္မသစ်ကျမ်း၊ ကျမ်းပိုင်းများနှင့် အခြားစာစောင်များတို့ကို အောက်ပါအတိုင်း ဖြန့်ချိနိုင်ခဲ့ပါသည်။

| | **၂၀၀၆** |
|---|---|
| (၁)သမ္မာကျမ်းစာအုပ် | ၁၂၆၈၅ |
| (၂)ဓမ္မသစ်ကျမ်းစာအုပ် | ၁၁၃၇၀၀ |
| (၃)ကျမ်းပိုင်းများ | ၁၂၃၀၈ |
| (၄)ကျမ်းပိုင်းငယ်များ | ၄၆၇၅၆၅ |
| **စုစုပေါင်း** | **၆၀၆၂၆၇** |

၈-၂။ ဖြန့်ချိရေးလုပ်ငန်းကိုပြည်တွင်း၌သာမက ပြည်ပရှိမြန်မာအသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့အစည်းများအတွက် သမ္မာကျမ်းစာ၊ ဓမ္မသစ်ကျမ်းနှင့်ဝေစာများတို့ကို ပေးပို့ဖြန့်ချိနိုင်ခဲ့ပါသည်။ ဤသို့ပေးပို့ဖြန့်ချိရာတွင် ဧဝံဂေလိလုပ်ငန်းနှင့်သာသနာ ပြုလုပ်ငန်းများတွင်ကျယ်ပြန့်ထိရောက်စွာ အသုံးပြုလျက်ရှိသည်ကို အားရဖွယ်ရာတွေ့ရှိရပါသည်။

၈-၃။ အစီရင်ခံသည့်ကာလအတွင်း ဖြန့်ချိရေးအတွင်းရေးမှူးမှညှိနှိုင်းဦးဆောင်ပြီး အလုပ်ရုံဆွေးနွေးပွဲများနှင့် နယ်ဖြန့်ချိရေးလုပ်ငန်းများတို့ကို ပြင်ဦးလွင်၊ ဘားအံ၊ တောင်ငူ၊ လှိုင်းဘွဲ၊ ညောင်လေးပင်၊ ပုသိမ်၊ သံတောင်မြို့များနှင့်ကျေးရွာအချို့တွင် ပြုလုပ်နိုင်ခဲ့ပါသည်။

၈-၄။ ဖြန့်ချိရေးလုပ်ငန်းကိုပိုမိုထိရောက် အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်နှင့်ယုံကြည်သူများအတွက် အထူးလိုအပ်၊ လိုလားတောင့်တ

သောသမ္မာကျမ်းစာ၊ စာပေများတို့ကိုပြုစုပုံနှိပ်ထုတ်ဝေနိုင်ရေးကို ရည်ရွယ်လျက်၂၀၀၇ခုနှစ်တွင် အဓိကကျသော မြို့(၆)မြို့တွင် အလုပ်ရုံဆွေးနွေးပွဲနှင့်သုတေသနလုပ်ငန်းကို စနစ်တကျလုပ်ဆောင်သွားရန် စီစဉ်လျက်ရှိပါသည်။

**ဃ။ ရန်ပုံငွေမြှင့်တင်ရေးလုပ်ငန်း**

ဃ-၁။ ငွေရေးကြေးရေးသည် မြန်မာနိုင်ငံကျမ်းစာအသင်းလုပ်ငန်း အစီအစဉ်များတို့ကိုထိရောက်စွာလုပ်ဆောင်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သောအရာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရံပုံငွေမြှင့်တင်ရေး လုပ်ငန်းသည် အသင်း၏အလွန်အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့်ပြောင်းလဲလာသော ငွေကြေးပံ့ပိုးမှုစနစ်တွင် ပိုမိုအာရုံစိုက်၍ထိရောက်စွာလုပ်ဆောင်ရန် လိုအပ်လာပါသည်။

ဃ-၂။ မြန်မာနိုင်ငံကျမ်းစာအသင်းကို အဓိကပံ့ပိုးလျက်ရှိသော United Bible Societies ၏ငွေကြေးပံ့ပိုးမှုစနစ်သည် ပြောင်းလဲပြီး၊ လုပ်ငန်းအစီအစဉ်တစ်ခုစီအတွက် သတ်မှတ်ထားသည့်လမ်းညွှန်ချက်များ၊ ပုံစံနှင့်အညီစီမံချက်ပုံစံဖြင့် အသေးစိတ်ပြုစုရေးဆွဲတင်ပြရပါသည်။ ပံ့ပိုးရန်သဘောတူညီထားသော စီမံချက်တစ်ခုစီအတွက် လုပ်ငန်းအကောင်အထည် ဖော်ပြီးသည့်အခါသတ်မှတ်ထားသည့် အချိန်ကာလတွင် အစီရင်ခံတင်သွင်းပြီးမှပံ့ပိုးငွေကို ရရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ရာစီမံကိန်းများရေးဆွဲ တင်သွင်းရာတွင်လည်းကောင်း၊ အစီရင်ခံစာများပြုစုရာတွင်လည်းကောင်း အရည်အသွေးရှိပြီးအချိန်မီရန်အထူးလိုအပ်ပါသည်။ ဤသို့ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် တာဝန်ခံဝန်ထမ်းတို့အား လမ်းညွှန်မှုပေး၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။



ဃ-၃။ ၂၀၀၅ခုနှစ်တွင်ပြည်တွင်းအလှူငွေ စုစုပေါင်းကျပ် ၁၄,၇၁၅,၉၃၅ ရရှိခဲ့ပြီး၊ ၂၀၀၆ခုနှစ်တွင်ကျပ် ၁၈,၇၂၆,၂၆၃ ရရှိခဲ့ပါသည်။ သမ္မာကျမ်းစာအမှုတော်လုပ်ငန်းအတွက် စိတ်အားထက်သန်စွာပေးလှူကြသော အသင်းတော်များနှင့် အသင်းတော်သူအသင်းတော်သားများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြမှတ်တမ်းတင်အပ်ပါသည်။

ဃ-၄။ မြန်မာနိုင်ငံကျမ်းစာအသင်းရံပုံငွေ မြှင့်တင်ရေးအတွက် လုပ် ဆောင်လျက်ရှိသော အစီအစဉ်များမှာ၊ စာအုပ်ငယ်ဖြင့်အလှူငွေကောက်ခံခြင်းနှင့် ပံ့ပိုးသူအသင်းသားများ စုဆောင်းပေးလှူစေခြင်း ဖြစ်ပါသည်။ ၂၀၀၅ခုနှစ်နှင့်၂၀၀၆ခုနှစ်တွင်ရှိသော ပံ့ပိုးသူအသင်းသားများဦးရေနှင့်ပေးလှူငွေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ခုနှစ် | အသင်းသား | ပေးလှူငွေ |
|---|---|---|
| (၁) ၂၀၀၅ | ၇၃၈ဦး | ကျပ် ၇၈၇,၅၀၀ |
| (၂) ၂၀၀၆ | ၇၇၆ဦး | ကျပ် ၁,၄၄၀,၄၀၀ |

ဃ-၅။ အထက်ဖော်ပြပါအတိုင်း ရံပုံငွေများမြှင့်တင်ရာတွင် ရန်ကုန်တွင်ဆက်ကပ်အစေခံလျက်ရှိသောစေတနာ့ဝန်ထမ်း(၁၄)ဦးရှိပါသည်။ ဤစေတနာ့ဝန်ထမ်းများတို့သည် အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။ ရန်ကုန်မြို့နှင့်အခြားမြို့များတွင် စေတနာ့ဝန်ထမ်းများ ပိုမိုပေါ်ပေါက်လာရေးအတွက် ၂၀၀၇ခုနှစ်တွင်အထူးအာရုံစိုက်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ဃ-၆။ မြန်မာနိုင်ငံကျမ်းစာအသင်း၏ လုပ်ငန်းများတို့ကိုအရည်အချင်းနှင့်အရေအတွက် မြင့်မားလာရေးအတွက် ကြိုးပမ်းဆောက်ရွက်လျက်ရှိသည်နှင့်အမျှ ပံ့ပိုးငွေများလည်းပိုမိုလိုအပ်ပါသည်။ သို့ဖြစ်ပါ

၍အသင်းတော်များနှင့် တစ်ဦးချင်းစေတနာရှင်များ သမ္မာကျမ်းအမှုတော်လုပ်ငန်းအတွက် စိတ်အားထက်သန်စွာတိုး၍ ပေးလှူရန်အတွက် ပန်ကြားအပ်ပါသည်။

## အခြားလုပ်ငန်းစဉ်များ

### က။ သမ္မာကျမ်းစာနေ့ အစီအစဉ်

နှစ်စဉ်ဩဂုတ်လ၊ တတိယပတ်တနင်္ဂနွေနေ့ကို သမ္မာကျမ်းစာနေ့အဖြစ်သတ်မှတ်ပြီး အထူးအစီအစဉ်တစ်ရပ်အဖြစ် အသင်းတော်တိုင်းတွင်ပြုလုပ်နိုင်ရန် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ သတ္တမနေ့အသင်းတော်များတွင် သမ္မာကျမ်းစာနေ့ကိုဩဂုတ်လ တတိယပတ်စနေနေ့(ဥပုသ်နေ့)တွင် သတ်မှတ်ပြုလုပ်ကြပါသည်။ ယခုအခါမြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ အသင်းတော်များတွင်ဂိုဏ်းဂဏ အသင်းတော်ခေါင်းဆောင်များတို့၏ တွန်းအားပေးမှုနှင့်ပံ့ပိုးမှုကြောင့် သမ္မာကျမ်းစာနေ့အစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာနှင့်အနှစ်သာရရှိစွာ ပြုလုပ်နိုင်ခဲ့ပါသည်။ သမ္မာကျမ်းစာနေ့အစီအစဉ်တွင် ကောက်ခံရရှိသောအလှူငွေမှာ သိသာစွာတိုး၍ရရှိခဲ့ပါသည်။ ၂၀၀၆ခုနှစ်တွင်ရရှိခဲ့သောသမ္မာကျမ်းစာနေ့ အလှူငွေစုစုပေါင်းမှာ ကျပ် ၁၂,၂၄၅,၉၅၈ ဖြစ်ပါ သည်။

သမ္မာကျမ်းစာနေ့အကြိုအစီအစဉ်များဖြစ်သော ဓမ္မတေးသီချင်းဆိုပြိုင်ပွဲနှင့်ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲများတို့ကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပါသည်။ အထူးသဖြင့် ၂၀၀၆ခုနှစ် သမ္မာကျမ်းစာနေ့အကြို ဓမ္မတေး သီချင်းဆိုပြိုင်ပွဲကို အဆင့်မြင့်မားစွာ VCD ရိုက်ကူးနိုင်ခဲ့ပြီး နိုင်ငံကျော် ခရစ်ယာန်တေးသံရှင်များ၏ သက်သေခံချက်ပါဝင်သော VCD ကိုအောင်မြင်စွာထုတ်ဝေ ဖြန့်ချိလျက်ရှိပါသည်။



### ခ။ စာပေစီမံကိန်း

ခ-၁။ စာပေမဖွံ့ဖြိုးသောလူမျိုးနွယ်စုများ၏ စာပေဖွံ့ဖြိုးရေးနှင့် မိမိစာပေကိုဖတ်နိုင်မှု အားနည်းသောလူမျိုးနွယ်စုများတို့သည် မိမိတို့ဘာသာစကားဖြင့်ပြုစုပုံနှိပ်ပေးသော သမ္မာကျမ်းစာများနှင့်အခြားစာပေများတို့ကိုဖတ်ရှုနိုင်ရန်အတွက် အောက်ဖော်ပြပါစီမံကိန်းများတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(၁) လာချိတ်စာပေစီမံကိန်း
(၂) လော်ဝေါ်စာပေစီမံကိန်း
(၃) ငေါန်ချန်းစာပေစီမံကိန်း
(၄) လီဆူစာပေစီမံကိန်း
(၅) ဟာဝါနာဂစာပေစီမံကိန်း
(၆) ခူမီးချင်းစာပေစီမံကိန်း
(၇) ဟားခါးချင်းစာပေစီမံကိန်း

ခ-၂။ ဤစာပေစီမံကိန်းများကြောင့် လူမျိုးနွယ်စုများအကြားတွင် မိမိစာပေကိုရေးတတ်၊ ဖတ်တတ်သူများတိုးပွားခဲ့ပြီး သမ္မာကျမ်းစာကို ဖတ်ရှုနိုင်ပါသည်။ အခြေခံဖတ်စာအုပ်များနှင့် အခြားစာအုပ်စာပေများတို့ကို ပြုစုထုတ်ဝေနိုင်ခဲ့ပါသည်။

ခ-၃။ ၂၀၀၇ခုနှစ် ဤစာပေစီမံကိန်းများကို ပိုမိုစနစ်ကျစွာတိုးချဲ့လုပ်ဆောင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

### ဂ။ ဝန်ထမ်းရေးရာ

ဂ-၁။ ပြောင်းလဲလာသောအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုစနစ်အရ မြန်မာနိုင်ငံကျမ်းစာ အသင်း၏လုပ်ငန်းများတို့ကိုထိရောက်

အောင်မြင်စွာလုပ်ဆောင်နိုင်ရန်၊ ဝန်ထမ်းများ၏မြင့်မားသောလုပ်ငန်းဆောင်ရွက်မှုအရည်အသွေးသည် မရှိမဖြစ်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ဝန်ထမ်းများစွမ်းဆောင်မှု အရည်အသွေးတိုးတက်ရေးကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၀၆ခုနှစ် အတွင်းတွင်ပြည်တွင်း၊ ပြည်ပသင်တန်းနှင့်အလုပ်ရုံ ဆွေးနွေးပွဲများသို့စေလွှတ်ခဲ့ပါသည်။

ဂ-၂။ လာမည့်နှစ်တွင်ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုတိုးတက်မြင့်မားလာရေးကိုဆက်လက်၍ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။

ဂ-၃။ ဝန်ထမ်းအားသစ်လောင်းအစီအစဉ်များကိုပြုလုပ်ခဲ့ရာ ဝန်ထမ်းများ၏ချစ်ခင်ရင်းနှီးမှု၊ ဝိညာဉ်သဘောရင့်ကျက်မှု၊ အပြန်အလှန်နားလည်ခွင့်လွှတ်မှုနှင့် လုပ်ငန်းများတို့ကိုဆက်ကပ်လုပ်ဆောင်မှုအစရှိသော အကျိုးရလဒ်များရရှိခဲ့ပြီး၊ အသင်း၏လုပ်ငန်းများတို့ကို အရှိန်အဟုန်မြှင့်၍ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဃ။ <u>မိတ်ဖက်အဖွဲ့အစည်းများနှင့်လုပ်ငန်းဆောင်ရွက်ခြင်း</u>**

လက်ရှိတွင်နိုင်ငံတကာအဖွဲ့အစည်း(၂)ခုဖြစ်သော Summer Institute of Linguistics (SIL International) နှင့် Hosanna တို့နှင့် မိတ်ဖက်လုပ်ဆောင်လျက်ရှိပါသည်။ SIL အဖွဲ့နှင့် စာပေလုပ်ငန်း သုတေသနပြုခြင်း၊ မြှင့်တင်ခြင်း၊ သမ္မာကျမ်းစာပြန်ဆိုခြင်း၊ စိစစ်ခြင်းနှင့်ပုံနှိပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ Hosanna အဖွဲ့နှင့် ဓမ္မသစ်ကျမ်းကို ကျမ်းစကားအတိုင်းဇာတ်လမ်းဆင်၍ တိုင်းရင်းသားဘာသာစကားဖြင့်အသံသွင်းခြင်းကို စာမဖတ်တတ်သူများနှင့်ဧဝံဂေလိလုပ်ငန်းအတွက် အထူးရည်ရွယ်ထုတ်လုပ်သွားမည် ဖြစ်ပါသည်။ ယခုအခါမြန်မာဘာသာဖြင့် အသံသွင်းပြီးဖြစ်ပါသည်။



စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ခွင့်ပြုချက်ဖြင့်ဤမိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းအစီအစဉ်တစ်ခုစီအတွက် နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိပါသည်။ မိတ်ဖက်ဆောင်ရွက်ရန်အတွက် ဆက်သွယ်လာသောသမ္မာကျမ်းဆိုင်ရာအဖွဲ့အစည်းများရှိရာ လေ့လာသုံးသပ်၍စနစ်တကျဆောင်ရွက်သွားရန်ရှိပါသည်။

မြန်မာနိုင်ငံကျမ်းစာအသင်းသည် နှစ်စဉ်အာရုံပြု၍ ခွန်အားယူရမည့်အဓိကအချက်ကို ရွေးချယ်သတ်မှတ်ပြီး အသင်းတော်များ ဝိညာဉ်ခွန်အားရယူနိုင်ရန် သမ္မာကျမ်းစာလေ့လာခြင်းကို ပြုစုပြင်ဆင်ပြီးအထူးသဖြင့် သမ္မာကျမ်းစာနေ့အစီအစဉ်တွင် ဝေမျှတွန်းအားပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံကျမ်းစာအသင်း၏ ၂၀၀၇ခုနှစ်အဓိကအချက်သည် **“ဘဝသက်တာပြောင်းလဲစေရာနှုတ်ကပတ်တော်”** ဖြစ်ပါသည်။ ဤအဓိကအချက်နှင့်သက်ဆိုင်သည့် သမ္မာကျမ်းစာလေ့လာခြင်းကို ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ သမ္မာကျမ်းစာလေ့လာ ခံယူခြင်းအားဖြင့် မိမိကိုယ်ကိုဝိညာဉ်ခွန်အားရရှိပြီးအသက်တာကို ပြောင်းလဲစေသော နှုတ်ကပတ်အမှုတော်မြတ်လုပ်ငန်းဆက်လက် ထမ်းပိုးဆက်ကပ်ပါဝင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### အထူးပန်ကြားချက်

မြန်မာနိုင်ငံကျမ်းစာအသင်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအားလုံးသာမက ပြည်ပတွင်ရောက်ရှိနေကြသော မြန်မာတိုင်းရင်းသားများတို့သည် မိမိဖတ်ရှုနိုင်သောဘာသာစကားဖြင့် ပြုစုပုံနှိပ်

ထားသော သမ္မာကျမ်းစာအုပ်များရရှိရေးအတွက် အတတ်နိုင်ဆုံး ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် အသင်းကို စီမံကွပ်ကဲလျက်ရှိသော စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် လုပ်ငန်းကိုအကောင်အထည်ဖော် ဆောင်ရွက်ရသောဝန်ထမ်းများတို့ သည် ထံတော်ပါးမှဝိညာဉ်ခွန်အား၊ ဉာဏ်ပညာစွမ်းအား၊ သစ္စာရှိခြင်း၊ ဆက်ကပ်ခြင်း အထူးလိုအပ်ပါသည်။ သို့ဖြစ်ပါ၍မြန်မာနိုင်ငံကျမ်းစာ အသင်းစီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် အမြဲ သတိရဆုတောင်းပေးပါရန် အထူးပန်ကြားအပ်ပါသည်။

လိုအပ်လျက်ရှိသောသမ္မာကျမ်းစာများ၊ အခြားသမ္မာကျမ်းစာ ဆိုင်ရာစာအုပ်စာပေများတို့ကို ကျယ်ပြန့်ထိရောက်စွာ ပြုစုပုံနှိပ်ဖြန့်ချိ နိုင်ရန်ပေးလှူငွေများ အထူးလိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍တစ်ဦး ချင်းသော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းတော်အနေဖြင့်သော်လည်းကောင်း၊ သမ္မာကျမ်းစာအမှုတော် လုပ်ငန်းအတွက်ဆက်လက်၍ ရက်ရောစွာပေးလှူပံ့ပိုးရန်အတွက် အထူးတိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အလှူငွေပေးပို့ရန်လိပ်စာ
ဒေါ်လွင်လွင်အောင် (ငွေစာရင်းကိုင်)
မြန်မာနိုင်ငံကျမ်းစာအသင်း
အမှတ် ၂၆၂၊ ဆူးလေဘုရားလမ်း၊
ရန်ကုန်မြို့။
ဖုန်း - ၂၅၀၀၁၄၊ ၃၈၈၁၂၆။
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်
၁၂/ကတတ(နိုင်) ၀၀၄၁၃၈။